# စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့
# Food Security Working Group



## Editorial

ယနေ့ မြန်မာနိုင်ငံအနေဖြင့် ဆင်းရဲနွမ်းပါးသူ ဦးရေ ၂၆ ရာခိုင်နှုန်းကို ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေးအတွက် ရည်မှန်းချက်၊ မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ကျွန်ုပ်တို့ အမိမြန်မာနိုင်ငံတော်ကြီး သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဆီသို့ ဦးတည်လျှောက်လှမ်းနေပြီ ဖြစ်ပါသည်။ ပြည်သူတို့၏ အကျိုးစီးပွားကိုအဓိကထား၍ မြန်မာပြည်သူတိုင်းတက်ကြွလျက် ကျန်းမာသော ရှင်သန်မှုပုံစံရရှိရန် များစွာအရေးကြီးလှပေသည်။ မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုသည် သီးနှံအထွက်နှုန်းကျဆင်းခြင်း၊ ရိက္ခာဈေးနှုန်း မြင့်တက်လာခြင်း၊ ရာသီဥတု ပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များနှင့် ပိုမိုရင်ဆိုင်လာရခြင်း၊ လယ်ယာသားငါးကဏ္ဍထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဈေးကွက်ဆိုင်ရာမူဝါဒများ ခိုင်မာမှုရှိရန်လိုအပ်ခြင်း၊ တောင်သူငယ်များ၏ မိသားစုဝင်များ ဘဝလုံခြုံမှုမြှင့်တင်ပေးရန် လိုအပ်ခြင်း စသည့် အချက်တို့ပေါ်တွင် များစွာတည်မှီနေပေသည်။

စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အနေဖြင့် ယင်းအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်မဟုတ်သူများအကြား၊ စားနပ်ရိက္ခာဖူလုံရေးတိုးတက်စေရန် ရည်ရွယ်သော၊ အထောက်အကူပြုသော နည်းပညာ၊ ဗဟုသုတ၊ သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ ဖြန့်ဝေပေးနေသည့်အပြင်၊ အဖွဲ့ဝင်များ၏ စားနပ်ရိက္ခာဖူလုံရေး လုပ်ငန်းစီမံဆောင်ရွက်မှုများတွင် လုပ်ကိုင်ကျင့်သုံးကြသည့် စွမ်းဆောင်ရည်များ မြင့်မားလာစေရန် အရင်းအမြစ်များကို ချိတ်ဆက်ဖော်ထုတ်ဆောင်ရွက်ပေးနေ ပါသည်။ တဆက်တည်းမှာပင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ဥပဒေများ၊ မူဝါဒနှင့် ကျင့်စဉ်များ တိုးတက်ဖြစ်ထွန်းလာစေရန် မူဝါဒဆိုင်ရာ တိုးတက်မြှင့်တင်နိုင်ရန်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်နှင့်အညီ စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ စုပေါင်းလယ်ယာကဏ္ဍတိုးမြှင့် လုပ်ဆောင်ရန် ရည်မှန်း၍ ဓာတ်ပုံပြပွဲ၊ ပြိုင်ပွဲများ၊ ပြခန်း များ၊ သရုပ်ဖော်တင်ဆက်ခြင်းများအပြင် စကားရည်လုပြိုင်ပွဲများကို သိုက်ဝန်းစွာကျင်းပဆောင်ရွက် နိုင်ခဲ့ပါသည်။ ထို့အပြင် "အရင်းအမြစ်နှင့် လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများ ပေါင်းစုံမွမ်းမံလုပ်ကိုင် ခြင်းဖြင့် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှု ရရှိစေရန် စီမံကိန်း" ၏ အဖွင့်ပဏာမ အလုပ်ရုံဆွေးနွေးပွဲကိုလည်း အဖွဲ့ဝင်တို့၏ တက်ကြွစွာပါဝင်မှုဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ချမှတ်ထားသော မဟာဗျူဟာလုပ်ငန်းအစီအစဉ်များကို အဖွဲ့ဝင်များ၏ အင်အားဖြင့် အဓိကမဏ္ဍိုင်ထား၍ နိုင်ငံတော်အစိုးရ အကျိုးတူ ပူးပေါင်းဆောင် ရွက်သောအဖွဲ့များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ သင်ကြားရေး၊ သုတေသန၊ ပုဂ္ဂလိက အသိုင်းအဝိုင်းနှင့် စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းတူ ကွန်ယက်အဖွဲ့များနှင့် လုပ်ကိုင်ဆောင်ရွက်ရန် ပွင့်လင်း မြင်သာသော အတွေးအခေါ် အယူအဆများကို နှလုံးသွင်းလျက် "တစ်ယောက်အားနှင့် ယူသော်မရ၊ တစ်သောင်းအားနှင့် ယူသော်ရ၏" ဟူသော စကားအတိုင်း ဝိုင်းဝန်းကြိုးစားအားထုတ်ကြပါရန် တိုက်တွန်းနိုးဆော်လိုက်ရပါသည်။

## မာတိကာ


လယ်သမားသမဂ္ဂအဖွဲ့အစည်းအတွက် လယ်ယာမြေဥပဒေဆိုင်ရာ အမြင်ဖွင့်သင်တန်း စာ - ၁
အရင်းအမြစ်နှင့်လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများ ပေါင်းစုံမွမ်းမံလုပ်ကိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှု ရရှိစေရန် စီမံကိန်း စာ - ၆
စီမံကိန်း လုပ်ငန်းအစီအစဉ်အတွက် အဖွဲ့ဝင်များ၏ အကြံပြုချက် စာ - ၇
ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနား စာ - ၈
ဓါတ်ပုံပြိုင်ပွဲ စာ - ၁၀
FSWG Previous Events စာ - ၁၁

# စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့

**မျှော်မှန်းချက်**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော အမျိုးသမီး အမျိုးသားနှင့် ကလေးသူငယ်များအားလုံး တက်ကြွလျက် ကျန်းမာသော ရှင်သန်မှုပုံစံရရှိရန်အတွက် ရုပ်ခန္ဓာနှင့် စီးပွားရေးပိုင်းဆိုင်ရာတို့အရလုံလောက်မှုရှိပြီး အန္တရာယ် ကင်းရှင်းသော အဟာရပြည့်ဝသည့် ရွေးချယ်လိုရာ အစားအစာကို ရရှိရေး။

**ဦးတည်ဆောင်ရွက်ချက်**

စားနပ်ရိက္ခာဖူလုံမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် မိမိ၏ အဖွဲ့ဝင်များအပေါ် တည်မှီရပ်တည်နေသော ကွန်ယက်အဖွဲ့အစည်းဖြစ်ပြီး၊ ပြည်တွင်းရှိ အစိုးရမဟုတ်သောအဖွဲ့များ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့များ လူထုအခြေပြုအဖွဲ့အစည်းများနှင့်အတူ မြန်မာနိုင်ငံအတွင်း စုစည်းဆောင်ရွက်လျက် ရှိပါသည်။ စားနပ်ရိက္ခာဖူလုံရေး လုပ်ငန်းနှင့်ပတ်သက်ပြီး အဖွဲ့အစည်းများအပြင်၊ ပုဂ္ဂိုလ်တစ်ဦးချင်းတို့အလိုက်အဖွဲ့ဝင်များနှင့် တိုက်ရိုက်ချိတ်ဆက်လျက်၊ ၎င်းတို့၏ အသိဉာဏ်နှင့် ကျွမ်းကျင်မှုတို့ကို တည်ဆောက်ပြီး၊ ကွန်ရက်၏ အကျိုးဖြစ်ထွန်းစေမည့် သုတေသန၊ တွေ့ဆုံဆွေးနွေးမှု၊ မူဝါဒဆိုင်ရာ သတင်းဖြန့်ချိမှုတို့ကို သတ်မှတ်ရှာဖွေကာ ပုံထုတ်ဖော်ဆောင်သွားရန် ဖြစ်ပါသည်။

စားနပ်ရိက္ခာဖူလုံမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ၎င်း၏မျှော်မှန်းချက်နှင့် ဦးတည်ချက်များ အောင်မြင်စေရန် အောက်ပါမဟာဗျူဟာများနှင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁။ စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်း စီစဉ်ရေးဆွဲမှု တိုးတက်လာစေရေးအတွက် အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရေး။
၂။ မြန်မာနိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်း၏ အကျိုးဆက်များအား ဖြစ်ပေါ်စေမည့် အရေးပါပြီး မဟာဗျူဟာမြောက်သော လက်ရှိဖြစ်ပေါ် ရင်ဆိုင်လာရသည့် ကိစ္စရပ်များအတွက် အသိပညာ၊ သက်သေသာဓကများအပေါ် တည်ဆောက်ထားသော ချဉ်းကပ်ဆောင်ရွက်နည်းများအား ထုတ်ဖော်ရေး။
၃။ မြန်မာနိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းနှင့် ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးရေး၊ အချေအတင်ဖွင့်ဟပြောဆိုရေးနှင့် မူဝါဒဆိုင်ရာများအား အသိပေးဖြန့်ဝေရေး။
၄။ စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းအဖွဲ့၏ အဖွဲ့အတွင်း အုပ်ချုပ်လုပ်ကိုင်မှု၊ စီမံခန့်ခွဲမှုနှင့် ဆောင်ရွက်လုပ်ကိုင်သွားမည့် အစီအမံများအား အဖွဲ့အစည်းဆန်စွာ အားဖြည့်ဆောင်ရွက်သွားရေး။

**Vision**

For all women, men and children of Myanmar to have physical and economic access to sufficient, safe and nutritious food to meet their dietary needs and food preferences for an active and healthy lifestyle.

**Mission**

The FSWG is a member-based network of non-governmental organizations, community based organizations and individuals addressing food insecurity in Myanmar, directly engaging with members to build their knowledge and skills on food security and mobilizing the collective capacities of the network to identify and formulate issues for research, dialogue and policy advocacy that will benefit the lives of vulnerable communities in Myanmar.

FSWG will achieve its vision and mission by working toward three strategic objectives,

1. To build the capacities of members to improve practices in food security programming,
2. To develop the knowledge, evidence based and approaches of strategically important and emerging issues affecting food security in Myanmar
3. To promote dialogue, debate and policy advocacy between stakeholders concerned with food security in Myanmar
4. To institutionally strengthen the internal governance, management and operational procedures of the FSWG





## ၁။ လယ်သမားသမဂ္ဂအဖွဲ့အစည်းများအတွက် လယ်ယာမြေဥပဒေဆိုင်ရာ အမြင်ဖွင့်သင်တန်းများ

## Awareness Raising on Land Right by BRAVEHEART



FSWG ၏အဖွဲ့ဝင် ဦးရတနာ (BRAVEHEART) မှ ဦးမောင်မောင်သိန်းဖေ (ရက္ခိတပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးကွန်ရက်)၊ ဦးတင်ကိုလင်း (စာမီးအိမ်အဖွဲ့)နှင့် မြို့နယ်သမဂ္ဂများပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအလိုက် လယ်သမားသမဂ္ဂများဖွဲ့စည်းနိုင်ရေး၊ လုပ်ငန်းများပီပြင် ထိရောက်လာရေးတို့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ၊ လွှတ်တော်ဖွဲ့စည်းပုံ၊ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအကြောင်း ရှင်းလင်းဆွေးနွေးပွဲများပို့ချပေးခဲ့ပါသည်။

အောက်တိုဘာ(၁၇-၁၉)တွင် လပွတ္တာမြို့နယ်၌လည်းကောင်း၊ အောက်တိုဘာ (၂၈-၃၀) တွင် ပုသိမ် မြို့နယ်၌လည်းကောင်း ပို့ချပေးခဲ့ပြီးဖြစ်သည်။ အခြားမြို့နယ်များတွင်လည်း ဆက်လက်ပို့ချပေးနိုင်ရန် စီစဉ်လျှက်ရှိသည်။ မြို့ခံသမဂ္ဂများအနေဖြင့်လည်း တိုင်းဒေသကြီးဆိုင်ရာ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားသမဂ္ဂ ပေါ်ထွန်းလာသည်အထိ ရည်ရွယ်လှုပ်ရှားနေကြောင်းသိရသည်။



လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများပေါ်ထွက်လာသော်လည်း အခြေခံ တောင်သူလယ်သမားများအတွက် အာမခံချက်နည်းပါးကြောင်း၊ အဆိုပါဥပဒေအသစ်ကိုပင်သိရှိနားလည်သူ အင်မတန်နည်းပါးနေကြောင်း သင်တန်း တက်ရောက်သူလယ်သမားများက ဆိုသည်။

တောင်သူလယ်သမားများ ရင်ဆိုင်ကြုံတွေနေရသော အခက်အခဲပေါင်း မြောက်မြားစွာအနက် လက်ရှိကြုံတွေ့ နေရသည်မှာ စိုက်ပျိုးသီးနှံ သတ်မှတ်ချက်ဆိုင်ရာအခက်အခဲများ၊ သွင်းအားစုများကို အဆမတန်စျေးနှုန်းဖြင့် (အဆမတန်အတိုးနှုန်းဖြင့်) ဝယ်ယူနေရခြင်း၊ လုပ်ငန်းရှင်များက စပါးစျေးကို ကစားနေကြသဖြင့် နစ်စဉ်အရှုံးပေါ်နေခြင်း၊ အစိုးရထံမှ စိုက်စရိတ်ချေးငွေများ အချိန်မီမရရှိခြင်း၊ စိုက်စရိတ်ချေးငွေမလုံလောက်ခြင်းနှင့် ပုံစံအမျိုးမျိုးဖြင့် လယ်ယာမြေများ သိမ်းဆည်းခံနေရခြင်းတို့ဖြစ်သည်။

FSWG အဖွဲ့မှ ဆက်လက်ထုတ်ဝေမည့် No.1, 2013 အတွက် စာမူများကို ဖိတ်ခေါ်လျက်ရှိပါသည်။
ဆက်သွယ်ရန်
fswg.communicationsofficer@gmail.com

## ၂။ စားသောက်ကုန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဖျော်ဖြေပွဲ

## Food and Climate Change Event by Green Way

Green Way အဖွဲ့မှ ဦးဆောင်၍ Activista ၏ ပူးပေါင်းပါဝင်မှုဖြင့် ၂၁. ၁၀. ၂၀၁၂ ရက်တွင် ပြည်သူ့ရင်ပြင် (Happy World) တွင် စားသောက်ကုန်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဖျော်ဖြေပွဲလေးကို ကျင်းပခဲ့ပါသည်။ အစားအသောက်ဆိုင်ရာ မညီမျှမှု ရာသီဥတု ပြောင်းလဲမှုနှင့် စားသောက်ကုန်ထုတ်လုပ်ခြင်းအပြင် အစားအသောက် ညီမျှမှုအတွက် လူတစ်ဦးချင်းစီ၏ နေ့စဉ်လုပ်ဆောင်မှုအကြောင်းကို အငြိမ့်ကပြ၍ လူထုကို ပညာပေးနိုင်ခဲ့ပါသည်။ အဓိကပေးလိုသော သတင်းအချက်အလက်မှာ လူတိုင်းညီမျှစွာ စားသောက်နိုင်ရန် လူတစ်ဦးချင်းစီမှ အထူးတလည် လှုပ်ရှားနေစရာမလိုအပ်ဘဲ၊ ၎င်းတို့၏ နေ့စဉ်လုပ်ဆောင်မှုများကိုသတိထား ဆင်ခြင်နိုင်မည်ဆိုပါက အစားအသောက်ညီမျှအောင် လုပ်ဆောင်ပေးနိုင်ကြောင်းပင် ဖြစ်သည်။ ထိုအပြုအမူများမှာ

(၁) သင့်ကြောင့် အစားအသောက်မလေလွင့်ပါစေနှင့်။
Don't waste food !

(၂) အသားလျှော့စားပါ (အသားအစား ပဲများများစားပေးပါ)။
Eat less meat !

(၃) ဒေသထွက်ရာသီစာတွေကို ရွေးချယ်စားသောက်ပါ။
Eat seasonal !

(၄) အသေးစားစိုက်ပျိုးထုတ်လုပ်သူများကို ဦးစားပေးပါ။
Buy fair trade !

(၅) ရိုးရှင်းစွာနှင့် အဟာရပြည့်ဝအောင်ချက်ပြုတ်ပါ တို့ဖြစ်ပါသည်။
Cook smart !

လှုပ်ရှားမှုအနေဖြင့် အငြိမ့်ကပြဖျော်ဖြေခြင်း၊ သီချင်းဆိုခြင်း၊ ဥာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်း၊ စတစ်ကာများဖြန့်ဝေခြင်း၊ လက်ကမ်းကြော်ငြာများ ဖြန့်ဝေခြင်းတို့ ပြုလုပ်ခဲ့ပါသည်။





## ၃။ 'စားသောက်ကုန် ထုတ်လုပ်ခြင်း နည်းပညာ' သင်တန်း

## Food Processing Training by GRET

GRET အဖွဲ့မှ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT)၏ ထောက်ပံ့မှုဖြင့် ချင်းပြည်နယ် မြောက်ပိုင်း မြို့နယ် ၅ ခုတွင် အကောင်အထည်ဖော်နေသော 'ရေရှည်တည်တံ့ အကျိုးပေးနိုင်သည့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ ဖော်ထုတ်ဖန်တီးရေးနှင့် သဘာဝသယံဇာတများ စီမံခန့်ခွဲရေး' စီမံကိန်းအတွက် 'စားသောက်ကုန် ထုတ်လုပ်ခြင်း နည်းပညာ' သင်တန်း အား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ဒုတိယပတ်တွင် ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၌ ဒေသတောင်သူများအား ငါးရက်တာ ပို့ချသွားရန်ရှိပါသည်။

---

FSWG ၏ကူညီပံ့ပိုးမှုဖြင့် FSWG ၏အဖွဲ့ဝင်ဖြစ်သော BRAVEHEART အဖွဲ့သည် Global Witness Fund မှ အသေးစား ရန်ပုံငွေ ရရှိပြီး ၎င်းတို့၏စီမံကိန်းကို ၂၀၁၂ခုနှစ် အောက်တိုဘာလမှ ၂၀၁၃ခုနှစ် စက်တင်ဘာလအထိ စမ်းသပ်စီမံကိန်းအဖြစ် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ အဆိုပါ စမ်းသပ်စီမံကိန်းတွင် သစ်တောဧရိယာများ ထိန်းသိမ်းရန်အတွက် ရခိုင်ပြည်နယ်သံတွဲမြို့နယ်ရှိ ကျေးရွာ များတွင် ကျေးရွာအဆင့် မြေလွတ်မြေရိုင်းစီမံခန့်ခွဲမှုကော်မတီများဖွဲ့စည်းကာ ဆောင်ရွက်သွားမည်ဖြစ်သည်။



# List of FSWB Members

| Sr no | Organization Name | | | |
|---|---|---|---|---|
| | INGO | LNGO | CBO | Individual |
| 1 | Action Contra la Faim (ACF) | Dear Myanmar | All Country for Rural Development (ACRD) | Karin Eberhardt |
| 2 | ACTED | ECODEV | Myanmar Enhancement to Empower Tribal (MEET) | Thet Oo |
| 3 | ActionAid | Golden Plain Livelihood Development Services Co-operative Ltd | New Generation Social Development Organization | Hkawn Ja Labang |
| 4 | Adventist Development & Relief Agency-Adra Myanmar (ADRA) | Loka Ahlinn | Church of the province of Myanmar (CPM) | Sue Mark |
| 5 | Association of Volunteer Service International (AVSI) | Metta Development Foundation | Lanthit Foundation | Thura Aung |
| 6 | CARE Myanmar | Myanmar's Heart Development Organization (MHDO) | Grow Back for Posterity (GBP) | Thein Thein Aung |
| 7 | Consortium of Dutch NGO's (CDN) | Shalom (Nyein) Foundation | Green Network (Mgway) | Naw Ei Ei Brown |
| 8 | Cooperazione e Sviluppo Onlus (CESVI) | Swanyee Development Foundation (SDF) | Group of Ladies for Development (GOLD) | Thein Myint Aung |
| 9 | DanChurchAid (DCA) | Share Mercy | Kan Baw Za Youth Library & Community development Group | Khin Hnin Aye |
| 10 | Welthungerhilfe (GAA) | Karuna Myanmar Social Service (KMSS) | Department of Studies , Myanmar Union Adventist Seminary | U Kyi Htay |
| 11 | Groupe de Recherche et d'Echanges Technologiques (GRET) | Better Life Organization | Myanmar Positive Group (MPG) | Nay Lin Htun |
| 12 | Helpage International | Country Agency for Rural development (CAD) | Mawk Kon Local Development Organization | Win Ko Ko |
| 13 | Proximity Design | Spectrum (Sustainable Development Knowledge Network) | Manaw Hla Arr Mann Orchard | Nyantha Maw Lin |
| 14 | International Rescue Committee (IRC) | Network Activity Group (NAG) | Sympathy Hands | Shwe Zin Mon Aung |
| 15 | Mercy Corps | Church of the Province of Myanmar, Men's association | Women's Hand Myanmar Foundation (WHMF) | Kyaw Myo Aung |
| 16 | Norwegian People's Aid (NPA) | Swe Tha Har Social Services | Green Way | Gaw Lu Htoi Ra |
| 17 | Oxfam GB | Institute for Civil, Earth and Water Engineering (ICEVE) | NignHtoi Banmaw Local Development Organization | Hein Htet Paing |
| 18 | Progetto Continenti (PC)-Myanmar | Myanmar Marketing Research & Development | Wunpawng Ninghtoi (WPN) | U Hoke San |
| 19 | Save the Children | Thadar Consortium | Shan Maw Myae Co., Ltd | Zar Ni Maung2 Kyaw |
| 20 | Solidarities International | Mangrove Service Network (MSN) | Myanmar Social Initiative Group (MSIG) | Me Ko Thant |
| 21 | SwissAid Myanmar | Myanmar Baptist Convention (MBC) | Myanmar Paddy Producer Association | Kun Nay Lin Tun |
| 22 | TERRE DES HOMMES ITALIA (Tdh) | | Silver Sea Journal | Saw Thandar Moe |
| 23 | World Concern Myanmar (WCM) | | Myanmar Council or Churches | Win Wunna Win |
| 24 | World Vision Myanmar (WVM) | | Lahu Baptist Church | U Zaw Moe Thant |
| 25 | Lutheran World Federation-Myanmar | | Pathein Myaung Mya Sgaw Kayin Baptist Association (PMA) | U Min Zaw Oo |
| 26 | Norwegian Refugee Council (NRC) | | Brave Heart Foundation | Rick Gregory |
| 27 | Danish Refugee Council (DRC) | | Wimutti Volunteer Group (WVG) | Ja Naw |
| 28 | Relief International (RI) | | Paku Toungoo Association | |
| 29 | Pact in Myanmar | | Hla Distribution | |
| 30 | Win rock International | | Myanmar Agro Action (MAA) | |
| 31 | East West Seed International | | Farm Business Development Technical Group | |
| 32 | | | Sustainable Action for Rural Advancement (SARA) | |
| 33 | | | Men's association | |
| 33 | | | Kimo Care Group | |

လည်း အဖွဲ့နှစ်ဖွဲ့စလုံးမှ အကောင်းဆုံး စကားပြောဆို နိုင်စွမ်းရှိသူကို ရွေးချယ်ပေးခဲ့ရာ ငြင်းဆိုအဖွဲ့မှ ဦးထင်ဇော်လတ်မှ အဆိုပါဆုကို ရရှိခဲ့ပါသည်။




### ပျော်ရွှင်သုတ ပဟေဠိကဏ္ဍ
### Quiz on World Food Day

အခမ်းအနားကို တက်ရောက်လာသူ ဧည့်သည်များအားလုံး ပါဝင်ဖြေဆိုနိုင်မည့် ပျော်ရွှင်စရာ ဉာဏ်စမ်းပဟေဠိ အစီအစဉ်ကို Green Way နှင့် စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ အဖွဲ့ဝင်များ ပူးပေါင်းတင်ဆက်ခဲ့ကြသည်။ အဆိုပါ အစီအစဉ်တွင် ကမ္ဘာ့စားနပ်ရိက္ခာနေ့နှင့် ပတ်သက်သော အကြောင်းအရာများ၊ စားနပ်ရိက္ခာဖူလုံမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု၊ ရေအရင်းအမြစ် လိုအပ်ချက်စသည့် ဗဟုသုတ ဖြစ်ဖွယ် ဉာဏ်စမ်းပဟေဠိများကို မေးမြန်းခဲ့ရာ တက်ရောက်သူများမှ ပျော်ရွှင်စွာ ပါဝင်ဖြေ ကြားခဲ့သည်။ ထို့နောက် Activista အဖွဲ့နှင့်အတူ အခမ်းအနား တက်ရောက်လာသူများ အားလုံးက "အလှူသစ်ဆင်စို့" သီချင်းကို အတူတကွ သီဆိုပြီး အခမ်းအနားကို အောင်မြင်စွာရုတ်သိမ်းခဲ့ပါသည်။



# ဓါတ်ပုံပြိုင်ပွဲ



**1st Prize**
by Mercy Corps



**2nd Prize** by Green Network



**3rd Prize** by Proximity Designs



**1st Runner Up**
by Mercy Corps



**2nd Runner Up**
by Green Network



**Special Commendation**
by Proximity Designs

## FSWG Previous Events

### Training

1. Staff Development Training — October 2012

### Public Event

1. World Food Day — October 2012

### Workshops

1. Land Core Group program plan development workshop — May 2012
2. Land Core Group program plan launching workshop — May 2012
3. Experiences Sharing on LCG Program Plan — July 2012
4. Engaging the agribusiness sector to benefit smallholders in Myanmar — August 2012
5. Communal Land Tenure Experiences Sharing by Kristen Ewers — October 2012
6. Inception Workshop for "Harnessing resources and partnerships to achieve food security in Myanmar" — October 2012
7. Sustainable Agriculture — November 2012

## FSWG Upcoming Activities

- Research
  - Upland Tenure Research
- Technical Trainings
  - Conservation Agriculture to Sustainable Approach
  - Marketing and Value Chain Analysis for Small Scale Farmers
  - Food Security Related Policy and Advocacy Training
  - Land Registration Awareness Training
- National Land Symposium in Nay Pyi Taw
- FSWG Resource Center (RC)
  - Review and analyze RC in Yangon Labutta Pyapon and Minbu

စားနပ်ရိက္ခာဖူလုံရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အနေဖြင့် မိမိတို့၏ အဖွဲ့ဝင်အဖွဲ့အစည်းမှ သင်တန်းသားနှစ်ဦးကို သုတေသနရလဒ်နှင့် တွေ့ရှိချက်များကို ရေးသားသည့်သင်တန်း တက်ရောက်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘိုဂေါမြို့သို့ စေလွှတ်ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် သုတေသနမှ တွေ့ရှိချက်များကို ဒေသတွင်း လယ်သမားများနှင့် စိုက်ပျိုးရေးလုပ်သားများသို့ မည်သို့ပြန်လည် လက်ဆင့်ကမ်းမည်ကို အထူးအလေးပေး သင်ကြားမည်ဖြစ်ရာ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် သုတေသန၏ ရလဒ်များကို ဒေသခံတောင်သူများ လက်တွေ့လိုက်နာကျင့်သုံးရန်အတွက် ကြိုးပမ်းရာတွင် များစွာ အထောက်အကူ ဖြစ်စေပါသည်။ ဒေသခံတောင်သူများနှင့် လက်တွေ့ကွင်းဆင်း၍ လုပ်ကိုင်နေပြီး သုတေသနနှင့် ပတ်သက်၍ အတွေ့အကြုံရှိထားနှင့်မှုအပေါ် မူတည်ကာ သင်တန်းသားများကို ရွေးချယ်စေလွှတ်ခဲ့ခြင်း ဖြစ်ပါသည်။

ထို့အပြင် စားနပ်ရိက္ခာဖူလုံရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် ၎င်း၏အဖွဲ့ဝင်တစ်ဦးကိုလည်း တရုတ်နိုင်ငံယူနန်ပြည်နယ်သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် သစ်တောနှင့်စိုက်ပျိုးရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို တက်ရောက်နိုင်ရန် နိုဝင်ဘာလ ဒုတိယအပတ်တွင် စေလွှတ်ခဲ့ပါသည်။

# FSWG မှ ထွက်ရှိပြီးစာအုပ်များစာရင်း









၁။ ကျေးလက်အဆင့် တိရစ္ဆာန်မွေးမြူရေးအစာကြမ်း

၂။ ဝက်မွေးမြူရေးအောင်မြင်ရန်အတွက်ဆောင်ရွက်ရမည့် နည်းလမ်းများ

၃။ ကျေးလက်ဒေသ ဆိတ်မွေးမြူရေး

၄။ တစ်ပိုင်တစ်နိုင်ဘဲမွေးမြူနည်း

၅။ သီးနှံပင်ရောဂါများ

၆။ စပါးသီးနှံရောဂါများ ပိုစတာ

၇။ စပါးသီးနှံဖျက်ပိုးများ ပိုစတာ

၈။ ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းလမ်းညွှန်



၉။ ပိုးသတ်ဆေးသုံးစွဲရာတွင်ရှောင်ရန်ဆောင်ရန်နည်းလမ်းများ ပိုစတာ

၁၀။ ငါးနှင့်ဂဏန်းအသေးစား မွေးမြူထုတ်လုပ်ရေး နည်းစနစ်များ

၁၁။ မြန်မာပြည်တွင်စိုက်ပျိုးသော သီးနှံအချို့ကျရောက်သော အင်းဆက် ဖျက်ပိုးများ

၁၂။ တောင်သူစိုက်ပျိုးရေးနည်းပညာ သင်တန်းကျောင်းဖွင့်လှစ်ရန်အတွက် လမ်းညွှန်ချက်များ

၁၃။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းဆိုင်ရာ သစ်တောလုပ်ငန်းနည်းစနစ်များ

၁၄။ မြန်မာ့ တိုင်းရင်းကြက်မွေးမြူနည်းလမ်းညွှန်

၁၅။ ဘက်စုံဖျက်ပိုး ကာကွယ်ရေး အခြေခံနည်းပညာများ

၁၆။ ဘက်စုံသုံးသစ်တော၊ သစ်ပင်ပျိုးဥယျာဉ်တည်ထောင်ခြင်း လုပ်ငန်းမှတ်စု

၁၇။ အခြေခံမြေတိုင်းတာခြင်းနှင့် GPSအသုံးပြုခြင်း

FREE COPY

ရရှိနိုင်သောဘာသာစကားများ

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရှမ်း



၁၈။ စပါးမျိုးစေ့ ရွေးချယ် ထိန်းသိမ်းနည်း ပိုစတာ

၁၉။ ကြွက်ကာကွယ်နှိမ်နင်းရေး ပိုစတာ

၂၀။ တောင်သူကြီးများ သိထားသင့်သော စပါးစိုက်ပျိုးနည်းစနစ်

၂၁။ မြေယာပိုင်ဆိုင် လုပ်ပိုင်ခွင့် (တင်ပြလွှာ အကျဉ်းချုပ်)

၂၂။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း စာစောင်

၂၃။ မြန်မာနိုင်ငံတောင်တန်းဒေသ မြေယာလုပ်ကိုင်ခွင့် လုံခြုံစိတ်ချရမှုအခြေအနေ ခြုံငုံသုံးသပ်ခြင်း

၂၄။ ကျေးလက်ပြည်သူစိုက်ပျိုးရေးနှင့်မြေအသုံးချခြင်းဆိုင်ရာအခွင့်အရေးနှင့် ရပိုင်ခွင့်များ သိကောင်းစရာ တိုးချဲ့ပညာရေး စာစောင်

၂၅။ စားနပ်ရိက္ခာဖူလုံမှု နည်းဗျူဟာ (၂၀၁၂-၂၀၁၄)

**အထက်ပါစာအုပ်များကို မှာယူလိုပါလျှင် အောက်ပါလိပ်စာသို့ ဆက်သွယ် မှာယူနိုင်ပါသည်။**

Room (206) 2nd Floor, Tower(E) Diamond Condominium,No-497, Pyay Road, Kamaryut Township Yangon. 11041
Tel: +95 9 4250 26461~2 Fax: +95 9 73031749
e-mail: fswg.log@gmail.com/ fswg.rc@gmail.com.
web: www.myanmarfswg.org